# ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

## လူထုဗဟိုပြုစီမံကိန်း
## National Community Driven Development Project (NCDDP)




ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ပျော်ဘွယ်ကျေးရွာ

ငါန်းဇွန်မြို့နယ်

၂၀၁၆ ခုနှစ်

# ငါန်းဇွန်မြို့နယ်မြေပုံ


N
S
မြင်း မူ မြို့ နယ်
စစ် ကိုင်း မြို့ နယ်
မြောင် မြို့ နယ်
တံ တား ဦး မြို့ နယ်
မြင်း ခြံ မြို့ နယ်
နွား ထိုး ကြီး မြို့ နယ်
ကျောက် ဆည် သို့
ရည်ညွှန်းချက်
မြို့နယ် နယ်နိမိတ်
ကျေးရွာအုပ်စု နယ်နိမိတ်
ကားလမ်း
ရထားလမ်း
စည်ပင်လမ်း
ကျေးရွာအုပ်စု/ကျေးရွာ
မြစ် / ချောင်း
ဆည် / ကန်
မြစ်ရေတင်
ရေမြောင်းလက်တံ
"gwftm;cGJ½Hk
ပညာရေး
ကျန်းမာရေး
ရဲစခန်း
၂၀၁၄ - ၁၅ဆောင်ရွက်မည့်
ဆည်/ကန်ငယ်များ

## ၁- နိဒါန်း

လူထုဗဟိုပြုစီမံကိန်း (NCDDP)သည် ၂၀၁၃ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် အဓိက အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများကို တိုးတက်အောင် ဆောင်ရွက်စေနိုင်မည့် ပလက်ဖောင်းအသွင် ဖော်ဆောင်နိုင်ခဲ့သည်။ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သည်။ စီမံကိန်းက ကျေးလက်ဒေသ အခြေခံ အဆောက်အအုံများအတွက် ငွေကြေးနှင့်အတူ ကျေးလက်နေပြည်သူများက ယင်းလုပ်ငန်းများကို ရွေးချယ်ရာတွင် ပူးပေါင်းပါဝင်မှု၊ ကြိုတင်အသိပေးမှုနှင့် ပွင့်လင်းမြင်သာမှု အပြည့်ဖြင့် ရွေးချယ်တတ်အောင် ကူညီဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြင့်တင်ခြင်းတို့ကို ကူညီဆောင်ရွက်သည်။

လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်မှာ အဓိကကျသော အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြုချဉ်းကပ်နည်းဖြင့် ဆင်းရဲသော ရပ်ရွာဒေသများက အလွယ်တကူရယူအသုံးပြုကာ အကျိုးကျေးဇူးဖြစ်ထွန်းလာစေရန်နှင့် အရေးပေါ်အခြေအနေတရပ် ပေါ်ပေါက်လာပါက လျင်မြန်ထိရောက်စွာ တုံ့ပြန်ဖြေရှင်းပေးနိုင်ရန်အတွက် အစိုးရ၏ အရည်အသွေး မြင့်မားလာစေရန်တို့ဖြစ်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ

(၁) ရပ်ရွာကရွေးချယ်သော ကျေးလက်အခြေခံအဆောက်အအုံများတွင် ရန်ပုံငွေထောက်ပံ့ခြင်း။


(၂)ကျေးလက်နေပြည်သူများ၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းပြီး ဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း စွမ်းဆောင်ရည် အားကောင်းလာစေခြင်း။

(၃) စီမံကိန်းလုပ်ငန်းစဉ်တလျှောက်လုံးတွင် ဆင်းရဲနွမ်းပါးသူများ၊ အထိအခိုက်အခံသူများ အပါအဝင် ကျား- မ မရွေး ပါဝင်နိုင်စေခြင်းဖြင့် အောင်မြင်စွာဆောင်ရွက်သွားမည်ဖြစ်သည်။

လူထုဗဟိုပြုစီမံကိန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာ လက်အောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပြီး နိုင်ငံတော် အစိုးရ ဘဏ်ဂျက်၊ ကမ္ဘာ့ဘဏ်၊ အီတလီ အစိုးရနှင့် ဂျပန်အစိုးရတို့၏ ရန်ပုံငွေများ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်သည် စီမံကိန်းတတိယစက်ဝန်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)တွင် (၁၈) မြို့နယ်တိုးချဲ့ခဲ့ပြီး (၂၇) မြို့နယ်အကောင်အထည်ဖော် ဆောင်ရွက်မည့် အထဲတွင်ပါဝင်ခဲ့သည်။ ယခုဖော်ပြမည့် အစီရင်ခံစာမှာ ငါန်းဇွန်မြို့နယ်တွင် လုပ်ဆောင်သည့် လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကြောင်းဖြစ်သည်။

## ၃- လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်




\

## ၄- အစည်းအဝေးအစီအစဉ်

| စဉ် | | စီမံကိန်းအပိုင်းများ | ဆွေးနွေးသည့် အကြောင်းအရာများ |
|---|---|---|---|
| ၁ | | ပ- အကြိမ်အစည်းအဝေး | စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း |
| | | ပ- အကြိမ်အစည်းအဝေး | ကျေးရွာစေတနာ့ ဝန်ထမ်းရွေးချယ်ခြင်း |
| | | ပ- အကြိမ်အစည်းအဝေး | လူမှုဆန်းစစ်မှု ပြုလုပ်ခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | ကျေးရွာစီထောက်ကော်မတီဖွဲ့စည်းခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | အကြံပြုတိုင်ကြားရေး ရွေးချယ်ခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | ဝယ်ယူရေးဆပ်ကော်မတီ ရွေးချယ်ခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီရွေးချယ်ခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ ရွေးချယ်ခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | ဘဏ္ဍာရေးစာရေး ရွေးချယ်ခြင်း |

## ၅- လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် အသုံးပြုသော နည်းလမ်းများ

ကျေးရွာတွင် လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်း စဉ်တွင် အသုံးပြုသော နည်းလမ်းများမှာ

- လူမှုရေးအရင်းအမြစ်ပြမြေပုံ
- ဥစ္စာခနေ အဆင့်သတ်မှတ်ခြင်း

- ရာသီခွင်ပြ ပြက္ခဒိန်
- ပိုင်ဆိုင်မှုအား သုံးသပ်ခြင်း
- အဖွဲ့အစည်းချိတ်ဆက်မှုဇယား
- ပင့်ကူအိမ် (ကျား၊ မ ရေးရာကဏ္ဍအား ခွဲခြမ်းစိတ်ဖြာခြင်း)
- အမျိုးသားအမျိုးသမီးများ၏ အခက်အခဲနှင့် မျှော်မှန်းချက်
- ပြဿနာသစ်ပင် ..........စသည်တို့ကို ရေးဆွဲဖော်ထုတ်ခဲ့ကြသည်။